ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ၃၂၄ /၂၀၂၁
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
( ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် )

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၄ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများ ကို ထုတ်ပြန်လိုက်သည်။

အခန်း(၁)

အမည် နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးနည်းဥပဒေများ** ဟုခေါ်တွင် စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံ ခန့်ခွဲရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ် များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ဆိုသည်။

(ခ) **သီးခြားအဖွဲ့** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ အလိုက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြ လာသည့် ကိစ္စရပ်များကို စစ်ဆေးရန် ဗဟိုကော်မတီက ဖွဲ့စည်းပေးသည့် အဖွဲ့ကို ဆိုသည်။

(ဂ) **အထူးအဖွဲ့** ဆိုသည်မှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိ သူက စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးရန် ဗဟိုကော်မတီက အခါအားလျော်စွာ ဖွဲ့စည်းပေးသည့် အဖွဲ့ကိုဆိုသည်။

(ဃ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံကို ဆိုသည်။

## အခန်း(၂)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းခြင်း

၃။ ဗဟိုကော်မတီသည် ဥပဒေပုဒ်မ ၃-က အရ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်း၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

## အခန်း(၃)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်

၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်လိုသော အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားနိုင်သည်-

(က) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

(ဂ) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ၁၄ အရ သက်ဆိုင်ရာ ဝန်ကြီးဌာနက ကင်းလွတ်ခွင့်ပြုထားသူများဖြစ်သည့် နိုင်ငံတော်နှင့် သံတမန်အဆက်အသွယ်ရှိသော နိုင်ငံခြားသံတမန်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အခြားမည်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊

(ဃ) အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အကျိုးတူ ကိစ္စရပ်များအတွက် ဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊

(င) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊

(စ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ သို့မဟုတ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ပါဝင် သည့် အဖွဲ့အစည်းများ၊

(ဆ) မြေယာမဲ့နိုင်ငံသားများအတွက်သော်လည်းကောင်း၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက်သော်လည်းကောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အတွက်သော်လည်းကောင်း တာဝန်ယူဆောင်ရွက်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

(ဈ) မြေယာမဲ့နိုင်ငံသားများ၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်လိုသူများ။

၅။ နည်းဥပဒေ ၄ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားရာတွင် –

(က) ဧက ၃၀၀ အထက် စိုက်ပျိုးရေးလုပ်ငန်း၊ ဧက ၅၀ အထက် မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်လိုသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် ဗဟိုကော်မတီ သို့ လျှောက်ထားရမည်။

(ခ) ဧက ၃၀၀ ထက်မပိုသော စိုက်ပျိုးရေးလုပ်ငန်း၊ ဧက ၅၀ ထက်မပိုသော မွေးမြူရေးလုပ်ငန်းနှင့် ယင်းနှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လို သောပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံ ခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

(ဂ) စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့်ယင်းနှင့် ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုသော မြေယာမဲ့ နိုင်ငံသားများနှင့် လုပ်ကွက်ငယ် တောင်သူလယ်သမားများသည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီသို့ လျှောက်ထားရမည်။

၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားရာတွင် အောက်ဖော်ပြပါ ပုံစံများ အသုံးပြု၍ လျှောက်ထားရမည်–

(က) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်း ရာသီသီးနှံ၊ နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးမှု အတွက် လုပ်ပိုင်ခွင့်လျှောက်လွှာ ( ပုံစံ– ၁)

(ခ) မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုခွင့်လျှောက်လွှာ ( ပုံစံ – ၂ )

(ဂ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အသုံးပြုခွင့်လျှောက်လွှာ (ပုံစံ–၃)

(ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့်အခြားလုပ်ငန်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာ ( ပုံစံ – ၄ )

၇။ **နည်းဥပဒေ ၆** အရ လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးက ထုတ်ပေးသော အောက်ပါမြေပုံ တစ်မျိုးမျိုးကို ပူးတွဲတင်ပြရမည်–

(က) ကွင်းမြေပုံ ရှိသော ဒေသဖြစ်လျှင် တည်ဆဲနှစ်အတွက် အသုံးပြုလျက် ရှိသော ကွင်းမြေပုံမှ ရေးဆွဲသည့် မြေပုံနှစ်ပုံ၊

(ခ) ကွင်းမြေပုံမရှိသေးသော ဒေသဖြစ်လျှင် တစ်လက်မ = တစ်မိုင် စကေး သို့မဟုတ် ၁:၅၀၀၀၀ စကေးဖြင့် ရေးဆွဲထားသော တည်နေရာအညွှန်း ဖော်ပြထားသည့် ယာယီ မြေပုံကြမ်း နှစ်ပုံ။

၈။ ဗဟိုကော်မတီသည် နည်းဥပဒေ ၅ နည်းဥပဒေခွဲ (က) အရ လက်ခံရရှိသော မြေလွတ်၊ မြေလပ် နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်လွှာ မှတ်ပုံတင်စာရင်း ပုံစံ(၅)တွင် ရေးသွင်း၍ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ စုံစမ်းစစ်ဆေး တင်ပြစေရန် လွှဲပြောင်းပေးပို့ ရမည်။

၉။ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေ ၈ အရ ပေးပို့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး **သို့မဟုတ်** နေပြည်တော် ဦးစီးဌာနရုံးသို့ စုံစမ်းစစ်ဆေး တင်ပြစေရန် လွှဲပြောင်း ပေးပို့ရမည်။

၁၀။ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေ ၅ နည်းဥပဒေခွဲ(ခ) နှင့်(ဂ)တို့ အရ လျှောက်ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာများနှင့် စပ်လျဉ်းသည့် အချက်အလက်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာမှတ်ပုံတင်စာရင်း ပုံစံ(၅) တွင်ရေးသွင်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးသို့ စုံစမ်းစစ်ဆေးတင်ပြစေရန် လွှဲပြောင်း ပေးပို့ရမည်။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၉နှင့် ၁၀ တို့အရ ပေးပို့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာများကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနရုံးမှတစ်ဆင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးသို့ စိစစ် ဆောင်ရွက်နိုင်ရန် ပေးပို့ရမည်။

၁၂။ မြို့နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၁၁ အရ ပေးပို့သည့် လျှောက်လွှာကို လက်ခံရရှိသည့် အခါ–

(က) လျှောက်လွှာနှင့်စပ်လျဉ်းသည့် အချက်အလက်များကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်လွှာမှတ်ပုံတင်စာရင်း ပုံစံ(၅) တွင် ရေးသွင်းရမည်။

(ခ) ယင်းလျှောက်လွှာ လက်ခံရရှိသည့်နေ့တွင် လုပ်ငန်းစာတွဲ ဖွင့်လှစ်ပြီး လျှောက်ထားချက် နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားတင်ပြ၍ ကန့်ကွက် နိုင်ကြောင်းကို ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာ ပုံစံ(၆) ဖြင့် ကြေညာ ရမည်။

(ဂ) ကန့်ကွက်နိုင်ရန်ထုတ်ဆင့်သည့် ကြော်ငြာစာ ပုံစံ(၆) ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးသို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံး၊ ခရိုင်ဦးစီးဌာနရုံး၊ မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ဦးစီးဌာနရုံးနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း တည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့တွင် ကပ်ထား ရမည်။

(ဃ) နည်းဥပဒေခွဲ(ခ)အရ ကြေညာရာတွင် ယင်းသို့ ကြေညာသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ကြောင်း ဖော်ပြရမည်။

၁၃။ မြို့နယ်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၁၂ နည်းဥပဒေခွဲ (ခ) အရ ကန့်ကွက်နိုင်ကြောင်း ကြေညာ ထားသည့် ကာလအတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် စစ်ဆေးချက် ပုံစံ(၇) ဖြင့် စိစစ်ဆောင်ရွက်ရမည်။

၁၄။ လျှောက်လွှာများကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ စီမံ ခန့်ခွဲရေးကော်မတီ၌ စိစစ်လက်ခံသည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားလာသည့် မြေဧရိယာအတွင်း တစ်ဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုထက်ပို၍ အပြိုင်လျှောက်ထားခြင်းများနှင့် စပ်လျဉ်း၍ –

(က) မြို့နယ်ဦးစီးဌာနရုံးသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် စစ်ဆေးချက် ပုံစံ(၇) တွင် အပြိုင်လျှောက်ထားမှုရှိကြောင်း ပြည့်စုံစွာ ဖြည့်သွင်းပြီး မှတ်တမ်းတင်ထားရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ မှတ်တမ်းတင်ပြီးနောက် –

(၁) မြို့နယ်ဦးစီးဌာနရုံးသည် အပြိုင်လျှောက်ထားမှုနှင့်အတူ တင်ပြသော အထောက် အထားများအား စိစစ်၍ စိစစ်တွေ့ရှိချက်များကို လုပ်ငန်းစာတွဲတွင် ထည့်သွင်း ဖော်ပြ၍ သက်ဆိုင်ရာခရိုင်ဦးစီးဌာနရုံးသို့ တင်ပြရမည်။

(၂) ခရိုင်ဦးစီးဌာနရုံးသည် နည်းဥပဒေခွဲငယ်(၁)အရ လက်ခံရရှိသော အပြိုင် လျှောက် ထားသည့် လုပ်ငန်းစာတွဲကို ထပ်မံစိစစ်၍ ပြည့်စုံမှုရှိပါက လုပ်ငန်း စာတွဲကို သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော် ဦးစီးဌာနရုံးသို့ တင်ပြရမည်။

(၃) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံးသို့မဟုတ် နေပြည်တော် ဦးစီးဌာနရုံးသည် နည်းဥပဒေခွဲငယ် ( ၂ ) အရ လက်ခံရရှိသော အဆိုပါ အပြိုင် လျှောက်ထားသည့် လုပ်ငန်းစာတွဲအား စိစစ်၍ စိစစ်တွေ့ရှိချက်

များကို သဘောထားမှတ်ချက်နှင့်အတူ  လုပ်ငန်းစာတွဲဖြင့် သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြရမည်။

(ဂ) သက်ဆိုင်ရာ **စီမံခန့်ခွဲရေးကော်မတီ**သည်နည်းဥပဒေ ၅ အရ လျှောက်ထားသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုထက် ပိုသော အပြိုင် လျှောက်ထားချက်များကို စိစစ်ဆောင်ရွက်နိုင်ရေးအတွက် သီးခြားအဖွဲ့ ဖွဲ့စည်းပေးရန် ဗဟိုကော်မတီသို့ တင်ပြရမည်။

(ဃ) ဗဟိုကော်မတီသည် နည်းဥပဒေခွဲ (ဂ)အရ တင်ပြချက်ကို လက်ခံရရှိလျှင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သီးခြားအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(င) ဗဟိုကော်မတီက ဖွဲ့စည်းထားသော သီးခြားအဖွဲ့သည် တာဝန်ပေးအပ်ကြောင်း အကြောင်းကြားစာ ရရှိသည့်အခါ -

(၁) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ တည်ရှိရာ နေရာသို့ သွားရောက် စစ်ဆေးရမည်။

(၂) အပြိုင်လျှောက်ထားသူများကို ခေါ်ယူတွေ့ဆုံ စစ်ဆေးခြင်းများ ဆောင်ရွက်ရမည်။

(၃) စစ်ဆေးတွေ့ရှိချက်ကိုဓာတ်ပုံမှတ်တမ်း အထောက်အထားများနှင့်အတူ သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာစီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြရမည်။

၁၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်းပြီး ကန့်ကွက်ချက် တစ်စုံတစ်ရာ ရရှိလျှင် -

(က) ယင်းကန့်ကွက်ချက်နှင့် စပ်လျဉ်း၍-

(၁) မြို့နယ်ဦးစီးဌာနရုံးသည် ကန့်ကွက်ချက်နှင့်အတူတင်ပြသော အထောက်အထားများအား စိစစ်၍ စိစစ်တွေ့ရှိချက်များကို လုပ်ငန်းစာတွဲတွင် ထည့်သွင်း ဖော်ပြပြီး သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနရုံးသို့ တင်ပြရမည်။

(၂) ခရိုင်ဦးစီးဌာနရုံးသည် လက်ခံရရှိသော လုပ်ငန်းစာတွဲကို ထပ်မံစိစစ်၍ ပြည့်စုံမှုရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးသို့ တင်ပြရမည်။

(၃) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးသည် လက်ခံရရှိသော အဆိုပါ လျှောက်ထားသည့်

လုပ်ငန်းစာတွဲကိုစိစစ်၍သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာစီမံ ခန့်ခွဲရေး ကော်မတီသို့ တင်ပြရမည်။

(ခ) နည်းဥပဒေခွဲ (က) နည်းဥပဒေခွဲငယ် ၃ အရ ပေးပို့လာသည့် လုပ်ငန်းစာတွဲကို လက်ခံ ရရှိသည့်အခါ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေ ၅ အရ လျှောက်ထားသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကန့်ကွက်ချက်များကို စိစစ်ဆောင်ရွက်နိုင်ရေးအတွက် သီးခြားအဖွဲ့ ဖွဲ့စည်းပေးရန် ဗဟိုကော်မတီသို့ တင်ပြရမည်။

(ဂ) ဗဟိုကော်မတီသည် နည်းဥပဒေခွဲ (ခ)အရ တင်ပြချက်ကို လက်ခံရရှိလျှင် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သီးခြားအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ဃ) ဗဟိုကော်မတီက ဖွဲ့စည်းထားသော သီးခြားအဖွဲ့သည် တာဝန်ပေးအပ်သည့် အကြောင်းကြားစာ ရရှိသည့်အခါ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ တည်ရှိရာနေရာသို့ သွားရောက်စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်ကို ဓာတ်ပုံမှတ်တမ်း အထောက်အထားများနှင့်အတူ ၎င်း၏ သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

၁၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်သည့် ကာလအတွင်း ကန့်ကွက်ချက် တစ်စုံတစ်ရာ မရရှိလျှင် -

(က) မြို့နယ်ဦးစီးဌာနရုံးသည် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များကို လုပ်ငန်းစာတွဲတွင် ထည့်သွင်းဖော်ပြ၍ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနရုံးသို့ တင်ပြ ရမည်။

(ခ) ခရိုင်ဦးစီးဌာနရုံးသည် လက်ခံရရှိသော လုပ်ငန်းစာတွဲကို ထပ်မံစိစစ်၍ ပြည့်စုံမှုရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးသို့ တင်ပြရမည်။

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးသည် လက်ခံရရှိသော အဆိုပါလုပ်ငန်းစာတွဲကို စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

၁၇။ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေ ၁၄ နည်းဥပဒေခွဲ (င) အရ လည်း ကောင်း၊ နည်းဥပဒေ၁၅ နည်းဥပဒေခွဲ(ဃ) အရလည်းကောင်း၊ နည်းဥပဒေ ၁၆ နည်းဥပဒေ ခွဲ (ဂ) အရ လည်းကောင်း တင်ပြသော လုပ်ငန်းစာတွဲကို ရရှိသည့်အခါ စစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ပုံစံ(၈) ဖြင့် မှတ်တမ်းတင်ပြီး မူရင်းကို မိမိထံတွင် ထားရှိ၍ မိတ္တူကို သက်ဆိုင်ရာ လုပ်ငန်းစာတွဲတွင် ပူးတွဲထားရှိရမည်။

၁၈။ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည်–

(က) နည်းဥပဒေ ၁၇ အရ ဆောင်ရွက်ပြီးနောက် နည်းဥပဒေ ၅ နည်းဥပဒေခွဲ (က) အရ ဗဟိုကော်မတီသို့လျှောက်ထားသည့် လုပ်ငန်းစာတွဲကို ဗဟိုကော်မတီသို့ ပြန်လည် ပေးပို့ရမည်။

(ခ) နည်းဥပဒေ ၅ နည်းဥပဒေခွဲ(ခ) နှင့်(ဂ) တို့အရ လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

၁၉။ (က) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် မိမိတို့၏ခွင့်ပြုပေးနိုင်သည့် ပမာဏအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သတ်မှတ်ကာလအတွင်း ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) စီမံခန့်ခွဲရေးကော်မတီ၏ ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်ရောက်နိုင်သည်။

(ဂ) ဗဟိုကော်မတီသည် စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

၂၀။ ဗဟိုကော်မတီသည် နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ(က)အရ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ က ပြန်လည်ပေးပို့သည့် လုပ်ငန်းစာတွဲများကို ရရှိသည့်အခါ အောက်ပါတို့ကို ဆောင်ရွက်ရမည် –

(က) နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရယူခြင်း၊

(ခ) လုပ်ငန်းကိစ္စရပ်အလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် တောင်းခံခြင်း၊

(ဂ) ပုဒ်မ ၆ ပုဒ်မခွဲ (ဂ)နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းခြင်း၊

(ဃ) နိုင်ငံခြားရင်းနှီးမြှပ်နှံမှုပြုလုပ်ရန် လျှောက်ထားသည့် လုပ်ငန်းဖြစ်ပါက မြန်မာနိုင်ငံရင်းနှီးမြှပ်နှံမှုကော်မရှင်၏ သဘောတူညီချက် ရယူခြင်း၊

၂၁။ (က) ဗဟိုကော်မတီသည် နည်းဥပဒေ ၂၀ အရ သဘောထားမှတ်ချက်နှင့် သဘောတူညီချက်များရရှိသည့်အခါ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊အသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းစာတွဲကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြု ရမည်။

(ခ) ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၂၂။ ဗဟိုကော်မတီသည် နည်းဥပဒေ ၂၁ အရ ဆောင်ရွက်ပြီးနောက် –

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကို လျှောက်ထားမြေတည်ရှိရာနှင့် အနီးဆုံးမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အာမခံကြေး ပေးသွင်းစေပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း ပုံစံ(၉) တွင် မှတ်တမ်းတင်ရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ငြင်းပယ်ခြင်းခံရသူကို မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ငြင်းပယ်ခံရသူများ မှတ်ပုံတင်စာရင်း ပုံစံ(၁၀)တွင် မှတ်တမ်းတင်ရမည်။

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ငြင်းပယ်ခြင်းခံရသူအား မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုကို ငြင်းပယ်ကြောင်း အကြောင်းကြားစာ ပုံစံ (၁၆) ဖြင့် အကြောင်းကြားရမည်။

၂၃။ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေ၁၈နည်းဥပဒေခွဲ(ခ)ပါ အတိုင်း ဆောင်ရွက်ပြီးသည့်အခါ –

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကို လျှောက်ထားမြေတည်ရှိရာနှင့် အနီးဆုံးမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အာမခံကြေး ပေးသွင်းစေပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း ပုံစံ(၉) တွင် မှတ်တမ်းတင်ရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှုအား ငြင်းပယ်ခြင်း ခံရသူကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ငြင်းပယ်ခံရသူများ မှတ်ပုံတင်စာရင်း ပုံစံ (၁၀ ) တွင် မှတ်တမ်းတင်ရမည်။

၂၄။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူကို လုပ်ငန်းအမျိုးအစားအလိုက် အောက်ဖော်ပြပါ သက်ဆိုင်ရာပုံစံဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်–

(က) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်း ရာသီသီးနှံ စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့် **(ပုံစံ– ၁၁)**

(ခ) နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုသောခွင့်ပြုမိန့် **(ပုံစံ– ၁၂)**

(ဂ) မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုခွင့်ပြုသော ခွင့်ပြုမိန့် **(ပုံစံ– ၁၃)**

(ဃ) ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအတွက် အသုံးပြုခွင့်ပြုသော ခွင့်ပြုမိန့် **(ပုံစံ– ၁၄)**

(င) အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသော ခွင့်ပြုမိန့် **(ပုံစံ- ၁၅)**

၂၅။ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေ ၁၈ နည်းဥပဒေခွဲ (ခ) အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကို အောက်ဖော်ပြပါ သက်ဆိုင်ရာပုံစံဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်-

(က) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်း ရာသီသီးနှံ စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့် **(ပုံစံ- ၁၁ က)**

(ခ) နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့်ပြုသော ခွင့်ပြုမိန့်**(ပုံစံ-၁၂ က)**

(ဂ) မွေးမြူရေးလုပ်ငန်းအတွက် အသုံးပြုခွင့်ပြုသော ခွင့်ပြုမိန့် **(ပုံစံ- ၁၃ က)**

၂၆။ (က) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားမှု ငြင်းပယ်ကြောင်းကို အကြောင်းကြားစာ ပုံစံ(၁၆-က) ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။

(ခ) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ၏ ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်ရောက် နိုင်သည်။

၂၇။ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ၏ဆုံးဖြတ်ချက်ကိုမကျေနပ်သူသည်သတ်မှတ်ထားသည့် အယူခံလျှောက်လွှာ ပုံစံ (၁၇) နှင့်အတူ ငြင်းပယ်ကြောင်း အကြောင်းကြားစာ မိတ္တူပူးတွဲလျက် ဗဟိုကော်မတီသို့ ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်ရောက်ရမည်။

၂၈ ။ ဗဟိုကော်မတီသည်-

(က) သတ်မှတ်ကာလအတွင်း တင်ပြလာသည့် အယူခံလွှာကို လက်ခံရရှိသည့်အခါ ငြင်းပယ်ကြောင်း ဆုံးဖြတ်ထားသည့် လုပ်ငန်းစာတွဲကို ပေးပို့ရန် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ ထံမှ တောင်းခံရမည်။

(ခ) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီမှ ပေးပို့လာသည့် လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါ အနီးဆုံးကျင်းပမည့် ဗဟိုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တင်ပြဆွေးနွေး၍ အစည်းအဝေး ဆုံးဖြတ်ချက်အရ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ၏ ငြင်းပယ်သည့် အကြောင်းအရာအပေါ် မူတည်၍ စိစစ်ဆောင်ရွက်နိုင်သည်။ လိုအပ်ပါက သီးခြား အဖွဲ့ ဖွဲ့စည်း၍ စိစစ်ဆောင်ရွက်နိုင်သည်။

(ဂ) နည်းဥပဒေခွဲ(က) နှင့် (ခ) တို့အရ စိစစ်ဆောင်ရွက်ပြီးပါက ဆုံးဖြတ်ချက်အား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းကို ဆောင်ရွက်ပြီး သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီနှင့် အယူခံဝင်ရောက်သူထံ အကြောင်းကြားရမည်။

၂၉။ ဗဟိုကော်မတီသည် နည်းဥပဒေ ၄ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းစာတွဲ ဖွင့်လှစ်၍ ဤနည်းဥပဒေများပါ အတိုင်း ဆောင်ရွက်ရမည်။

၃၀။ ဗဟိုကော်မတီသည် နည်းဥပဒေ ၂၄ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုမိန့်ထုတ်ပေးသည့်အခါ မိတ္တူကို သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ ပေးပို့ရမည့်ပြင် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများ မှတ်ပုံတင်စာရင်း ပုံစံ(၉) တွင် မှတ်တမ်းတင်နိုင်ရန်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးမှ တစ်ဆင့် မြေတည်ရှိရာ မြို့နယ်ဦးစီးဌာနရုံးသို့ ပေးပို့ရမည်။

၃၁။ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေ ၂၅ အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့် ၊ အသုံးပြုခွင့် ခွင့်ပြုမိန့်ထုတ်ပေးသည့်အခါ မိတ္တူကို ဗဟိုကော်မတီသို့ ပေးပို့တင်ပြရမည့်ပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများ မှတ်ပုံတင်စာရင်း ပုံစံ (၉) တွင် မှတ်တမ်းတင်နိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးမှ တစ်ဆင့် မြေတည်ရှိရာ မြို့နယ်ဦးစီးဌာနရုံးသို့ ပေးပို့ရမည်။

၃၂။ နည်းဥပဒေ ၂၄ နည်းဥပဒေခွဲ (က) နှင့် (ခ) တို့အရ ဗဟိုကော်မတီ၏ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်၊အသုံးပြုခွင့် ရရှိသူသည် လုပ်ပိုင်ခွင့်ရဧရိယာ၏၇၅ရာခိုင်နှုန်းကို လုပ်ကိုင် ဆောင်ရွက်ပြီးနောက် ထပ်မံတိုးချဲ့ စိုက်ပျိုးလုပ်ကိုင်လိုပါက နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံ၊ ရာသီသီးနှံ၊ စက်မှုကုန်ကြမ်း ရာသီသီးနှံ ထပ်မံတိုးချဲ့ စိုက်ပျိုးမှုအတွက်လုပ်ပိုင်ခွင့် လျှောက်လွှာပုံစံ (၁ – က) ဖြင့် ဗဟို ကော်မတီသို့ လျှောက်ထားရမည်။

၃၃။ နည်းဥပဒေ၂၅ နည်းဥပဒေခွဲ(က)နှင့်(ခ)တို့အရ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ၏ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူသည် လုပ်ပိုင်ခွင့်ရ ဧရိယာ၏ ၇၅ ရာခိုင်နှုန်းကို လုပ်ကိုင်ဆောင်ရွက်ပြီးနောက် ထပ်မံတိုးချဲ့စိုက်ပျိုး လုပ်ကိုင်လိုပါက နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံ၊ ရာသီသီးနှံ၊ စက်မှုကုန်ကြမ်း ရာသီသီးနှံထပ်မံတိုးချဲ့ စိုက်ပျိုးမှုအတွက် လုပ်ပိုင်ခွင့် လျှောက်လွှာ ပုံစံ( ၁– ခ) ဖြင့် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

၃၄။ ဗဟိုကော်မတီသည် နည်းဥပဒေ ၃၂ အရ လျှောက်ထားလာမှုများနှင့် စပ်လျဉ်း၍ ဤနည်း ဥပဒေများပါအတိုင်း စိစစ်၍ ဆောင်ရွက်ပေးရမည်။

၃၅။ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေ ၃၃ အရ လျှောက်ထားလာမှုများနှင့် စပ်လျဉ်း၍ ဤနည်းဥပဒေများပါအတိုင်း စိစစ်၍ ဆောင်ရွက်ပေးရမည်။

## အခန်း(၄)
## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ

၃၆။ ဗဟိုကော်မတီသည် နည်းဥပဒေ ၃၂ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီ၏ ကွင်းဆင်းစစ်ဆေး အတည်ပြုချက်ဖြင့် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (က) ပါ ခွင့်ပြု နိုင်သည့် ဧရိယာများ အတိုင်း ထပ်မံခွင့်ပြုနိုင်သည်။

၃၇။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုသည့်အခါ မြေဧရိယာနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ စိစစ် ထောက်ခံချက်အရ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့၏ သဘောထားမှတ်ချက် ရယူ၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဌာန နှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

၃၈။ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေ ၃၃ အရ လျှောက်ထားလာလျှင် ကွင်းဆင်း စစ်ဆေးအတည်ပြုချက်ဖြင့် ဥပဒေပုဒ်မ ၁၀-က၊ ပုဒ်မခွဲ (က) ပါခွင့်ပြုနိုင်သည့် ဧရိယာများအတိုင်း ထပ်မံခွင့်ပြုနိုင်သည်။

၃၉။ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများကို မွေးမြူရေး လုပ်ငန်း များ အလို့ငှာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသည့် မြေဧရိယာနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ နေပြည်တော် ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူ ညီချက် ရယူပြီး ဧက ၅၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

၄၀။ ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများအလို့ငှာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသည့် အချိန်ကာလနှင့် စပ်လျဉ်း၍-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံဖြစ်လျှင် စတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ နှစ် ပေါင်း ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၂) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်း ရာသီသီးနှံဖြစ်လျှင် သတ်မှတ်သော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ ခွင့်ပြုရမည်။

( ခ ) မွေးမြူရေးလုပ်ငန်းများတွင် စတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ နှစ်ပေါင်း ၃၀ထက် မပိုစေဘဲ ခွင့်ပြုနိုင်သည်။

( ဂ ) နည်းဥပဒေခွဲ (က) ၊ နည်းဥပဒေခွဲငယ် (၁) နှင့် နည်းဥပဒေခွဲ(ခ)တို့အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်လိုသောလုပ်ငန်းအတွက် လုပ်ငန်းအမျိုးအစားပေါ် မူတည်ပြီး စုစုပေါင်းနှစ်ပေါင်း ၃၀ ထက် မပိုစေဘဲ အကြိမ်ကြိမ် ထပ်မံခွင့်ပြုနိုင်သည်။

၄၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ပိုင်ခွင့်၊ အသုံးပြု ခွင့်ပြုသည့် အချိန်ကာလနှင့် စပ်လျဉ်း၍-

(က) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် မြန်မာ့သတ္တုတွင်းဥပဒေအရ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကာလအတိုင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

( ခ ) အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်။

၄၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ခွင့်ပြုမိန့်ရရှိထားသူက သတ်မှတ်ချက်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ပြီး မြေခွန်အနည်းဆုံး တစ်ကြိမ် ပေးဆောင်ပြီးစီး၍ လုပ်ကိုင်မှု တည်ငြိမ်မှု ရှိသည်ကိုတွေ့ရှိရပါက ဗဟိုကော်မတီသည် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်နိုင်သည် -

(က) စိုက်ပျိုးရေးလုပ်ငန်းအတွက် ခွင့်ပြုမိန့် ရရှိပြီး လယ်ယာမြေအဖြစ် ဖော်ထုတ်ထားပါက လယ်ယာမြေဥပဒေနှင့် အညီ လယ်ယာမြေအဖြစ် ပြောင်းလဲသတ်မှတ်နိုင်ရန် သဘောထားမှတ်ချက်ပြုခြင်း၊

(ခ) ခွင့်ပြုမိန့်သည် မွေးမြူရေးလုပ်ငန်းအတွက်ဖြစ်ပါက မွေးမြူရေး လုပ်ငန်းအမျိုးအစားအလိုက် ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ဃ)နှင့်အညီ နိုင်ငံတော်၏မြေအသုံးချရေးမူဝါဒ ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဂ) ခွင့်ပြုမိန့်သည် ဓါတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းဖြစ်ပါက ဓါတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းအမျိုးအစားအလိုက် ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဃ)နှင့် အညီ နိုင်ငံတော်၏ မြေအသုံး

ချရေး မူဝါဒ ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဃ) ခွင့်ပြုမိန့်သည် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်း များ အတွက်ဖြစ်ပါကသက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံ ရသည့်အခက်အခဲများအပေါ် မူတည်၍ ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ဃ)နှင့်အညီ နိုင်ငံတော်၏ မြေအသုံးချရေးမူဝါဒ ပီပြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

## အခန်း(၅)

## အာမခံကြေးနှင့် မြေခွန်

၄၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူသည် ဗဟိုကော်မတီက သတ်မှတ်သည့် အာမခံကြေးကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း တည်ရှိရာနှင့် အနီးဆုံး မြို့နယ်ရှိ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပေးသွင်းရမည်။

၄၄။ ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် သတ်မှတ်စည်းကမ်းချက် များနှင့်အညီ ဧရိယာအားလုံး အပြည့်အဝ ဖော်ထုတ်ပြီးစီးသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူအား တင်သွင်းထားသော အာမခံကြေး ပြန်လည်ထုတ်ပေးနိုင်ရေး အတွက် ၎င်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ၏ မြေယာဖော်ထုတ် စိုက်ပျိုးလုပ်ကိုင် အသုံးပြုမှုအပေါ် ကြီးကြပ်ကွပ်ကဲရမည်။

၄၅။ ဗဟိုကော်မတီသည် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အတွက် မြေခွန်ကင်းလွတ်ခွင့် ကာလကို စတင်ခွင့်ပြုသည့်နေ့မှစ၍ လုပ်ငန်းအမျိုးအစား၊ သီးနှံ အမျိုး အစားအလိုက် အောက်ပါအတိုင်း သတ်မှတ်ခွင့်ပြုပေးနိုင်သည်-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) နှစ်ရှည်ပင် စိုက်ပျိုးမြေဖြစ်လျှင် ၇ နှစ်၊

(၂) ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးမြေဖြစ်လျှင် ၅ နှစ်၊

(၃) ရာသီသီးနှံ၊ စက်မှုကုန်ကြမ်းရာသီသီးနှံ စိုက်ပျိုးမြေဖြစ်လျှင် ၄ နှစ်။

(ခ) မွေးမြူရေးလုပ်ငန်းတွင်-

(၁) ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေး ဖြစ်လျှင် ၂ နှစ်၊

(၂) တိရစ္ဆာန်မွေးမြူရေးဖြစ်လျှင်-

(ကက) ကျွဲ၊ နွား၊ မြင်းမွေးမြူရေးလုပ်ငန်း တွင် အသုံးပြုပါ က ၃ နှစ်၊

( ခခ ) သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းတွင် အသုံးပြုပါက ၂ နှစ်၊

( ဂဂ ) ကြက်၊ ဝက်၊ ဘဲ၊ ငုံး မွေးမြူရေး လုပ်ငန်းတွင် အသုံးပြုပါက ၁ နှစ်၊

(၃) နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် (၁) နှင့် (၂) တို့တွင် အကျုံးမဝင်သော မွေးမြူရေးလုပ်ငန်းဖြစ်ပါက မွေးမြူရေးလုပ်ငန်းအလိုက်သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်သည့် ကာလ။

၄၆။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခြင်းမှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ထိထိရောက်ရောက် ကောက်ခံရရှိနိုင်ရေးအတွက် သတ်မှတ်ထားသည့် မြေခွန်ကင်းလွတ်ခွင့် ကုန်ဆုံးသည့်နေ့မှစ၍ သတ်မှတ်သည့်နှုန်းထားအတိုင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူထံမှ ဦးစီးဌာနက တစ်နှစ်လျှင် တစ်ကြိမ် မြေခွန် စည်းကြပ်ကောက်ခံနိုင်စေရန် လိုအပ်သည့် ညွှန်ကြားချက်များ ထုတ်ပြန်ရမည် ။

၄၇။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် စတင် ခွင့်ပြုသည့်နေ့မှစ၍ သတ်မှတ်သည့် နှုန်းထားအတိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက တစ်နှစ်လျှင် တစ်ကြိမ် မြေခွန် ပေးသွင်းစေရန်နှင့် ဦးစီးဌာနက စည်းကြပ်ကောက်ခံစေရန် လိုအပ်သလို ညွှန် ကြား ရမည်။

၄၈။ ဦးစီးဌာနသည် သတ်မှတ်ထားသည့် မြေခွန်နှုန်းထားများ စည်းကြပ်ကောက်ခံခြင်း နှင့် စပ်လျဉ်း၍ -

(က) လုပ်ငန်းအမျိုးအစားအလိုက်၊ သီးနှံအမျိုးအစားအလိုက်ခွင့်ပြုထားသော မြေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီးနောက် ဘဏ္ဍာရေးနှစ်မှစ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူထံမှ မြေခွန် စည်းကြပ်ရမည်။ ထိုသို့ စည်းကြပ်သည့် မြေခွန်ကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေရန် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူထံ အချိန်မီ အကြောင်းကြားရမည်။

(ခ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက နည်းဥပဒေခွဲ(က)အရ အကြောင်းကြားစာ ရရှိ၍ ဆက်သွယ်လာလျှင် ပေးသွင်းရမည့် မြေခွန်ကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းစေရမည်။

(ဂ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူကနည်းဥပဒေခွဲ (ခ) နှင့်အညီ ဆောင်ရွက်ခြင်းများကို ကြီးကြပ်စစ်ဆေးရမည်။

(ဃ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ မပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိ ထား

သောပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းကဖော်ထုတ်လုပ်ကိုင်အသုံးပြုပြီးဖြစ်သောမြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီကသတ်မှတ်သည့် မြေခွန်နှုန်းထား များ အတိုင်း စည်းကြပ်ကောက်ခံနိုင်ရေး စီမံဆောင်ရွက်ရမည်။

(င) ကောက်ခံရရှိသည့် မြေခွန်ကို နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် နှစ်လ အတွင်း ဗဟိုကော်မတီသို့ အစီရင်ခံတင်ပြရမည်။

၄၉။ ဗဟိုကော်မတီသည် နည်းဥပဒေ ၄၈ နည်းဥပဒေခွဲ (င)အရ တင်ပြချက်ကို ရရှိသည့် အခါ တစ်လ အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြည်ထောင်စုချုပ် မြေခွန်ကောက်ခံရရှိမှု အခြေအနေကို အစီရင်ခံ တင်ပြရမည်။

၅၀။ ဝန်ကြီးဌာနသည် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ မြေခွန် ကောက်ခံသူအရာရှိအဖြစ် မြို့နယ်ဦးစီးဌာနမှူးအား တာဝန်ပေးအပ်ခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

၅၁။ မြို့နယ်ဦးစီးဌာနမှူးသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထား သူက မြေခွန်ကို ပေးသွင်းခြင်းမပြုဘဲ ရှောင်တိမ်းနေကြောင်း သို့မဟုတ် ပျက်ကွက်နေကြောင်း တွေ့ရှိ လျှင် ယင်းမြေခွန် ပေးသွင်းရန် ရှောင်တိမ်းနေသူ သို့မဟုတ် ပျက်ကွက်သူထံမှ တည်ဆဲ ဥပဒေ နှင့်အညီ အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရ ကောက်ခံရမည်။

## အခန်း ( ၆ )

## မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များ

၅၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူသည် -

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြား လုပ်ငန်းများအတွက် ဖြစ်ပါက ခွင့်ပြုထားသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းကို စတင် ခွင့်ပြုသည့်နေ့မှစ၍ လေးနှစ်အတွင်း ပထမနှစ်တွင် ၁၅ ရာခိုင်နှုန်း၊ ဒုတိယ နှစ်တွင် ၃၀ ရာခိုင်နှုန်း၊ တတိယနှစ်တွင်၃၀ ရာခိုင်နှုန်း နှင့် စတုတ္ထနှစ်တွင် ၂၅ ရာခိုင်နှုန်းဖြင့် ရာခိုင်နှုန်း ပြည့် လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်။ ဓာတ်သတ္တု ထုတ်လုပ်ခြင်း လုပ်ငန်းအတွက်ဖြစ်ပါက ခွင့်ပြုထားသော မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများကို သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်သည့်ကာလအတွင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ် လုပ်ကိုင်ရမည်။

(ခ) လုပ်ပိုင်ခွင့်၊အသုံးပြုခွင့် ရယူထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် ခွင့်ပြုထားသော အမျိုးအစားမှလွဲ၍ မြေပေါ်မြေအောက်ရှိ အခြားသယံဇာတပစ္စည်းများကို တူးဖော်ထုတ်ယူခြင်း မပြုရ။

(ဂ) လုပ်ပိုင်ခွင့်ရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဧရိယာများကို နှစ်အလိုက် စိုက်ပျိုးရမည့် ဧကအတိုင်း တောခုတ်၊ တောရှင်းခြင်းကို နှစ်အလိုက် ဆောင်ရွက်စေပြီး အမှန်တကယ် စိုက်ပျိုးခြင်းမရှိဘဲ တောခုတ်၊ တောရှင်းခြင်းကို လုံးဝမပြုလုပ်ရ။

(ဃ) မိမိလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် မြေခွန်ကို အပြည့်အဝ ပေးဆောင်ရမည်။

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ ဗဟိုကော်မတီက သတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာရမည်။

၅၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူသည် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့် သော်လည်းကောင်း ကုန်လွန်သွားသည့်အချိန်အတွက် သတ်မှတ်ထားသော ဖော်ထုတ်လုပ်ကိုင် ရမည့် ကာလကို တိုးမြှင့်ပေးစေလိုပါက ဖော်ထုတ်ရန် ခွင့်ပြုထားသည့် ကာလမကုန်ဆုံးမီ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ၏ ထောက်ခံချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြလျှောက်ထားရမည်။

၅၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူသည် –

(က) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် မူလလျှောက်ထားစဉ်က တူးဖော်ရန် ခွင့်ပြုသည့် ဓာတ်သတ္တုအမျိုးအစားမဟုတ်ဘဲ အခြားဓာတ်သတ္တုအမျိုး အစားကို တူးဖော်တွေ့ရှိပါက ဆက်လက်တူးဖော်ထုတ်ယူခြင်း မပြုဘဲ ဗဟိုကော်မတီ သို့ ချက်ချင်း တင်ပြရမည်။

(ခ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသော မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများတွင် သယံဇာတပစ္စည်းများနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တွေ့ရှိသောကြောင့် နိုင်ငံတော်အစိုးရက စီးပွားဖြစ်ထုတ်လုပ်ခြင်းနှင့် ထိန်းသိမ်းခြင်းများ ပြုလုပ်ရန် လိုအပ်၍ ပြန်လည်သိမ်းယူသည့်အခါ ခွင့်ပြုထားသောမြေဧရိယာမှ လိုအပ်မည့် မြေဧရိယာကို ပြည်ထောင်စုအစိုးရက ညွှန်ကြားသည့် အတိုင်း ပြန်လည်အပ်နှံရမည်။

(ဂ) လုပ်ပိုင်ခွင့်၊အသုံးပြုခွင့်ပြုထားသော မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများတွင် နိုင်ငံတော်၏ အကျိုးငှာအခြေခံအဆောက်အအုံဖြစ်သောလေယာဉ်ကွင်းများ၊ လမ်းမကြီးများ၊ မီးရထား

လမ်းများကဲ့သို့ စီမံကိန်းလုပ်ငန်းများ သို့မဟုတ် အထူးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ပြန်လည်သိမ်းယူသည့်အခါ ခွင့်ပြုထားသော မြေဧရိယာမှ လိုအပ်မည့် မြေဧရိယာကို ပြည်ထောင်စုအစိုးရက ညွှန်ကြားသည့်အတိုင်း ပြန်လည်အပ်နှံရမည်။

(ဃ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိပြီးနောက်ဆက်လက် လုပ်ကိုင်နိုင်ခြင်း၊ အသုံးပြုနိုင်ခြင်းမရှိပါက ခွင့်ပြုချက် ထုတ်ပေးထားသည့် သက်ဆိုင်ရာ ကော်မတီသို့ ပြန်လည်အပ်နှံရမည်။

(င) ခွင့်ပြုသက်တမ်း ကုန်ဆုံးပြီးနောက် မူလခွင့်ပြုချက် ရရှိသူက ဤနည်းဥပဒေများ အရ သက်တမ်းတိုး ထပ်မံ မလျှောက်ထားလျှင်ဖြစ်စေ၊ ဗဟိုကော်မတီနှင့် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီမှ အကြောင်းတစ်ရပ်ရပ်ကြောင့် ထပ်မံသက်တမ်းတိုးခွင့် မပြုလျှင် ဖြစ်စေ၊ မြေလွတ် ၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြု ခွင့်ပေးခဲ့သည့် ဧရိယာ ကို ခွင့်ပြုမိန့်ထုတ်ပေးထားသည့် သက်ဆိုင်ရာကော်မတီသို့ ပြန်လည်အပ်နှံ ရမည်။

## အခန်း(၇)
## ကြီးကြပ်ခြင်း

၅၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေမပြဋ္ဌာန်းမီ မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူသည် ယင်းခွင့်ပြုမိန့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးသည့် ရက်စွဲနှင့် စာအမှတ်တို့ကို ပြည့်စုံစွာဖော်ပြပြီး အမှန်တကယ်ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးသောဧရိယာနှင့် ကျန်ရှိနေသော ဧရိယာတို့ကို ခတ်ပုံ မှတ်တမ်းများ ပူးတွဲလျက် အထောက်အထား ခိုင်လုံစွာဖြင့် မှတ်တမ်းပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။

၅၆။ ဗဟိုကော်မတီသည် **နည်းဥပဒေ ၅၅** အရ တင်ပြသော ကိစ္စရပ်တစ်ခုချင်းအလိုက် စိစစ်၍-

(က) ဖွဲ့စည်းတာဝန်ပေးအပ်သည့် အထူးအဖွဲ့အား သက်ဆိုင်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများသို့ သွားရောက်စေ၍ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရသူ ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်လွှဲအပ်ခြင်းခံရသူကို ဖြစ်စေ တစ်ပါတည်း လိုက်ပါစေပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အတူ ကွင်းဆင်း၍ ခွင့်ပြုထားသည့် မြေပေါ် တွင် ခွင့်ပြုထားသည့် လုပ်ငန်းကို အမှန်တကယ် ဖော်ထုတ် လုပ်ကိုင်ပြီးစီးမှု အခြေအနေ

အား စစ်ဆေးတင်ပြစေရမည်။ယင်းသို့စစ်ဆေးရာတွင် သက်ဆိုင်သည့် မြေလွတ်၊မြေလပ်နှင့်မြေရိုင်း၏ ပတ်ဝန်းကျင်ရှိ လုပ်ကိုင်သူများကို ခေါ်ယူစစ်ဆေး စေရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ စစ်ဆေးတွေ့ရှိချက်များကို အထောက်အထား မှတ်တမ်း ဓာတ်ပုံများပူးတွဲ၍ သဘောထားမှတ်ချက်နှင့်အတူ ဆောလျင်စွာ တင်ပြစေရမည်။

၅၇။ ဗဟိုကော်မတီသည်နည်းဥပဒေ ၅၆အရ စိစစ်တင်ပြလာသော ကိစ္စရပ်တစ်ခုချင်းအလိုက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့်စပ်လျဉ်း၍ ဥပဒေပါသတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ဆောင်ရွက်ခြင်း၊

(ခ) မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ဥပဒေနှင့်အညီ ပြန်လည်သိမ်းယူ၍ ယင်းသို့ ပြန်လည်သိမ်းယူပြီးဖြစ်ကြောင်း အမိန့်ကြေညာစာထုတ်ပြန်ခြင်းနှင့် မူလ လုပ်ပိုင်ခွင့်ရရှိသူအား အသိပေးအကြောင်းကြားခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၏ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ အထူးအဖွဲ့၏ စိစစ်တင်ပြချက်အပေါ် အဆုံးအဖြတ်ပေးခြင်း၊

(ဃ) မူလခွင့်ပြု ကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရသဖြင့်လုပ်ပိုင်ခွင့်၊အသုံးပြုခွင့် ပြန်လည်သိမ်းယူခြင်းခံရသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း၊

(င) မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိပါက လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်း၍ မူလပေးသွင်းထားသည့် အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းပြီး ယင်းငွေကို ဦးစီးဌာန၏ရငွေအဖြစ် သတ်မှတ်ဆောင်ရွက်စေခြင်း၊

(စ) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို သတ်မှတ်ကာလအတွင်း ရာခိုင်နှုန်းပြည့် ဖော်ထုတ်ပြီးစီးကြောင်း တင်ပြလာပါက အထူးအဖွဲ့ဖွဲ့စည်း၍ စိစစ်တင်ပြစေခြင်း။

၅၈။ ဗဟိုကော်မတီသည်-

(က) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့်ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် သီးခြား အဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်စေနိုင်သည်။

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီလုပ်ငန်းများ ဆောင်ရွက်ခြင်းရှိ မရှိ စစ်ဆေး ရန် အထူးအဖွဲ့အား တာဝန်ပေးအပ်၍ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စေရမည်။

၅၉။ ဗဟိုကော်မတီသည် ဥပဒေပုဒ်မ ၁၉ အရ ပြန်လည်ရယူမည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရသူ နစ်နာမှုမရှိစေရန် ယင်းအမှန်တကယ် ရင်းနှီးမြှုပ်နှံလုပ်ကိုင် ထားသည့် ကုန်ကျစရိတ်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ကာလတန်ဖိုး တွက်ချက်၍ သင့်လျော်သည့် ကာလအတွင်း လျော်ကြေး အမြန်ရရှိစေရန် သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၆၀။ မြို့နယ်ဦးစီးဌာနရုံးသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ခွင့်ပြုချက်မရရှိဘဲ ရယူ လုပ်ကိုင်လျက်ရှိကြောင်း သိရှိရပါက စိစစ်၍ လိုအပ်သလို အရေးယူနိုင်ရန် သက်ဆိုင်ရာ ခရိုင်ဦးစီး ဌာနရုံးသို့ တင်ပြရမည်။

၆၁။ ခရိုင်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၆၀ ပါ တင်ပြချက် ရရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးသို့ တင်ပြရမည်။

၆၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးသည် နည်းဥပဒေ ၆၁ ပါ တင်ပြချက်ရရှိပါက သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

၆၃။ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် နည်းဥပဒေ ၆၂ ပါတင်ပြချက်ရရှိပါကအရေးယူနိုင် ရေးအတွက် သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြရမည်။

၆၄။ ဗဟိုကော်မတီသည် နည်းဥပဒေ ၆၃ ပါတင်ပြချက်ရရှိပါက ဥပဒေနှင့် အညီ အရေးယူနိုင်ရန် ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း(၈)

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများအား ကူညီဆောင်ရွက်ခြင်း

၆၅။ ဗဟိုကော်မတီသည် –

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံတောင်သူလယ်သမားများ နှင့် အငြင်း

ပွားခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ ကျူးကျော်ဝင်ရောက် လုပ်ကိုင်ခြင်း၊ ဖျက်ဆီး ခြင်းများ ပြုလုပ်ခံရကြောင်း တင်ပြချက်များကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ဦးစွာ ညှိနှိုင်းဆောင်ရွက်စေခြင်း၊ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်စေခြင်းတို့ကို ဆောင်ရွက်ရန် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီအား တာဝန်ပေးအပ်နိုင်သည်။

(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသော မြေဧရိယာ သည် ယခင်ကတည်းက လက်ရှိစိုက်ပျိုးလုပ်ကိုင်နေသော ဒေသခံတောင်သူ လယ်သမားများ၏ စိုက်ပျိုးမြေများဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထားဖြင့် တင်ပြနိုင်လျှင် ယင်း လက်ရှိ စိုက်ပျိုးလုပ်ကိုင်နေသူ နစ်နာမှုမရှိစေရန် ကြီးကြပ် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊အသုံးပြုခွင့် ချထားပေးသော မြေဧရိယာ အပေါ်တွင် ယခင်ကတည်းက လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားပြီးသော တောင်သူ လယ်သမားများရှိပါက ယင်းတို့၏သဘောတူညီချက်ရရှိမှသာ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်နိုင်ရန် ကြီးကြပ် ဆောင်ရွက်ရမည်။

(ဃ) နည်းဥပဒေခွဲ (က)၊(ခ) နှင့် (ဂ) တို့အရ ဖြေရှင်းဆောင်ရွက်ရာတွင် နှစ်ဖက် သဘော တူညီမှု သို့မဟုတ် တင်ပြမှုအပေါ် မူတည်၍ ခွင့်ပြုမိန့်ကို ပြင်ဆင်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း၊ ထိုက်သင့်သော လျော်ကြေးငွေ၊ နစ်နာကြေးများ ပေးလျော်စေခြင်း နည်းလမ်း များဖြင့် ဆောင်ရွက်ရမည်။

၆၆။ ဗဟိုကော်မတီသည် ဥပဒေပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်နိုင်သည် -

(က) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက စိုက်ပျိုးရေး လုပ်ငန်းအတွက် နည်းပညာ၊ မျိုးကောင်းမျိုးသန့်၊ အခြားပံ့ပိုးမှုများနှင့် စပ်လျဉ်း၍ အကူအညီ တောင်းခံလာပါက ဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာ လုပ်ငန်း၊ ဌာန များနှင့် ဆက်သွယ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတည်ရှိရာနှင့် အနီးဆုံးရှိ သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းက လိုအပ်သလို ကူညီပံ့ပိုးပေးရန် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက မွေးမြူရေး လုပ်ငန်း အတွက် နည်းပညာ၊ မျိုးကောင်းမျိုးသန့် ၊ အခြားပံ့ပိုးမှုများနှင့် စပ်လျဉ်း၍ အကူ အညီ တောင်းခံလာပါက ဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာ လုပ်ငန်း၊ ဌာနများနှင့်

ဆက်သွယ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတည်ရှိရာနှင့် အနီးဆုံးရှိ သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းက လိုအပ်သလို ကူညီပံ့ပိုးပေးရန် ညှိနှိုင်း ဆောင်ရွက် ခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအကောင်ထည် ဖော်ဆောင်ရွက်သည့်အခါ ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေများရရှိလို၍လည်းကောင်း၊ ဝန်ဆောင်မှုအကူအညီ ရရှိလို၍လည်းကောင်း တင်ပြလာလျှင် အထူးအဖွဲ့၏ မြေပြင် ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်အပေါ် အခြေခံ၍ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက စိစစ်ထောက်ခံပေးနိုင်ရေးကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက လုပ်ငန်း အကောင် အထည်ဖော် ဆောင်ရွက်ပြီးနောက် သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသည့် ပျက်စီး ဆုံးရှုံးမှုများ ဖြစ်ပေါ်ပါကအထူးအဖွဲ့၏ မြေပြင်ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များအပေါ် အခြေခံ၍ နိုင်ငံတော်မှ အထူးချေးငွေ ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ စိစစ် ထောက်ခံခြင်း။

## အခန်း(၉)

## အာမခံကြေးပြန်လည်ထုတ်ပေးခြင်း

၆၇။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားသည့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စည်းကမ်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူအား ယင်းပေးသွင်း ထားသည့် အာမခံကြေး ပြန်လည်ထုတ်ပေးနိုင်ရန် စီမံဆောင်ရွက်ရမည်။

၆၈။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူသည် ပေးသွင်း ထား သည့် အာမခံ ကြေးငွေကို ပြန်လည်ထုတ်ယူနိုင်ရန်-

(က) သတ်မှတ်ချက်များအတိုင်း လုပ်ငန်းဆောင်ရွက်ပြီးစီး၍ပေးသွင်းထားသည့် အာမခံ ကြေး ငွေကိုပြန်လည်ထုတ်ယူခွင့်ပြုပါရန်လျှောက်လွှာကို**ဗဟိုကော်မတီ**သို့သော်လည်းကောင်း၊ **သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ** သို့ သော်လည်းကောင်း လျှောက် ထားရမည်။

(ခ) **နည်းဥပဒေခွဲ(က)**အရ လျှောက်ထားရာတွင်-

(၁) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုအဖွဲ့ ခွင့်ပြုမိန့်ဖြင့် ရယူခဲ့ သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် အတွက် ဗဟို အဖွဲ့၏ ခွင့်ပြုမိန့်မိတ္တူကို ပူးတွဲတင်ပြရမည်။

(၂) ဗဟိုကော်မတီ၏ခွင့်ပြုမိန့်ဖြင့် ရယူခဲ့သည့်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်များ အတွက် ဗဟိုကော်မတီ၏ ခွင့်ပြု မိန့်မိတ္တူကို လည်းကောင်း၊ **သက်ဆိုင်ရာစီမံခန့်ခွဲရေး ကော်မတီ**၏ ခွင့်ပြုမိန့်ဖြင့် ရယူခဲ့သည့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် **သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ**၏ ခွင့်ပြုမိန့်မိတ္တူကို လည်းကောင်း ပူးတွဲ တင်ပြရမည်။

(၃) အာမခံကြေးငွေ ပေးသွင်းထားသည့် ငွေသွင်း ချလံမိတ္တူ ပူးတွဲတင်ပြရမည်။

၆၉။ ဗဟိုကော်မတီသည် **နည်းဥပဒေ ၆၈** အရတင်ပြသောလျှောက်လွှာကို လက်ခံရရှိသည့်အခါ စိစစ်တင်ပြစေရန် **သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ** သို့ ပေးပို့ရမည်။

၇၀။ **သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ**သည် **နည်းဥပဒေ ၆၈** အရ မိမိထံတင်ပြသော လျှောက်လွှာနှင့် **နည်းဥပဒေ ၆၉** အရ ဗဟိုကော်မတီက ပေးပို့သော လျှောက်လွှာတို့ကို လက်ခံရရှိ သည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ်နေပြည်တော်ဦးစီးဌာနရုံးသို့ ပေးပို့၍ အောက်ပါအတိုင်း ဆောင်ရွက်စေရမည်-

(က) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံး က ခရိုင်ဦးစီးဌာနရုံးမှ တစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်လွှာကို ဆက်လက် ပေးပို့၍ လျှောက်လွှာပါမြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ တည်ရှိရာ မြို့နယ်ဦးစီး ဌာနရုံးကို မြေပြင်သို့ သွားရောက်ပြီး ကွင်းဆင်းစစ်ဆေးရန် တာဝန်ပေးခြင်း၊

(ခ) မြို့နယ်ဦးစီးဌာနရုံးက **လျှောက်လွှာကို လက်ခံရရှိလျှင်** သက်ဆိုင်ရာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ တည်ရှိရာသို့ သွားရောက်၍ ကွင်းဆင်း စစ်ဆေးပြီး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအားဓာတ်ပုံမှတ်တမ်းတင်ခြင်း၊ စစ်ဆေးခြင်းများ ပြုလုပ်၍ ပြန်လည် တင်ပြစေခြင်း။

၇၁။ မြို့နယ်ဦးစီးဌာနရုံးသည် **နည်းဥပဒေ ၇၀ နည်းဥပဒေခွဲ (ခ)** အရ စစ်ဆေးရာတွင် အောက်ပါ အချက်များကို စိစစ်ရမည်-

(က) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း ဧရိယာအားလုံးတွင် သတ်မှတ်ချက်နှင့်အညီ လုပ်ငန်း ဆောင်ရွက်ပြီးစီးခြင်း ရှိ မရှိ ၊

(ခ) သတ်မှတ်ခွင့်ပြုထားသည့် သီးနှံစိုက်ပျိုးခြင်း၊ မွေးမြူခြင်း သို့မဟုတ် ခွင့်ပြုထားသည့် လုပ်ငန်း ဆောင်ရွက်ထားခြင်း ရှိ မရှိ၊

(ဂ) မူလလျှောက်ထား တင်ပြခဲ့သည့် လုပ်ငန်းစီမံချက် နှင့် ကိုက်ညီခြင်း ရှိ မရှိ၊

(ဃ) ပြန်လည် ထုတ်ယူခွင့်ပြုရန် လျှောက်ထားသည့် အာမခံကြေးသည် မူလပေးသွင်းထားသည့် အာမခံကြေးနှင့် ကိုက်ညီမှန်ကန် ခြင်း ရှိ မရှိ။

၇၂။ မြို့နယ်ဦးစီးဌာနရုံးသည် **နည်းဥပဒေ ၇၁** ပါ အတိုင်း စစ်ဆေးပြီး ဓာတ်ပုံမှတ်တမ်းများနှင့်အတူ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ အပြည့်အစုံရေးသား၍ အာမခံကြေးကို ပြန်လည်ထုတ်ပေးရန် ထောက်ခံကြောင်း သို့မဟုတ် သတ်မှတ်ချက်များနှင့် မကိုက်ညီကြောင်း တွေ့ရှိရသဖြင့် အာမခံ ကြေးကိုပြန်လည်ထုတ်ပေးရန် ကန့်ကွက်ကြောင်း မှတ်ချက်ပြု၍ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာန မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးသို့ လုပ်ငန်း စာတွဲနှင့်အတူ ပြန်လည်ပေးပို့ တင်ပြရမည်။

၇၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးသည် **နည်းဥပဒေ ၇၂** အရ ပြန်လည်တင်ပြသော လုပ်ငန်းစာတွဲကို လက်ခံရရှိသည့်အခါလိုအပ်သည်ဟု ယူဆပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတည်ရှိရာသို့ သွားရောက်ပြီး ကိုယ်တိုင်ကွင်းဆင်းစစ်ဆေးနိုင်သည်။ မြို့နယ်ဦးစီးဌာနရုံး၏ တင်ပြချက်ပြည့်စုံမှန်ကန်သည်ဟု ယူဆပါက အာမခံကြေးကို ပြန်လည်ထုတ်ပေးသင့်ကြောင်း သို့မဟုတ် တင်ပြချက် ပြည့်စုံမှန်ကန်ခြင်း မရှိဟု ယူဆပါက ပြန်လည် ထုတ်ပေးရန် ကန့်ကွက်ကြောင်း သဘောထားမှတ်ချက်ရေးသား၍ **သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ** သို့ ယင်းလုပ်ငန်း စာတွဲကို ဆက်လက်တင်ပြရမည်။

၇၄။ **သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ**သည် **နည်းဥပဒေ ၇၃** အရ တင်ပြသော လုပ်ငန်းစာတွဲကို လက်ခံ ရရှိသည့်အခါ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမည်။

၇၅။ ဗဟိုကော်မတီသည်-

(က) နည်းဥပဒေ ၇၄ အရ တင်ပြလာသည့် လုပ်ငန်းစာတွဲကိုစိစစ်၍ တင်ပြချက်များ ပြည့်စုံမှန်ကန်သည်ဟု ယူဆပါက အာမခံကြေး ပြန်လည်ထုတ်ပေးရန် ညွှန်ကြားရမည်။

(ခ) သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်းသို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်းတွေ့ရှိပါက နိုင်ငံတော်ဘဏ္ဍာငွေ အဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်၍ ဆက်လက် ဆောင်ရွက်စေရမည်။

၇၆။ ဗဟိုကော်မတီသည် အာမခံကြေးကို ပြန်လည် ထုတ်ပေးရန် သို့မဟုတ် နိုင်ငံတော် ဘဏ္ဍာငွေအဖြစ်သိမ်းဆည်းရန် ချမှတ်သည့်အမိန့်ကို လုပ်ငန်းစာတွဲနှင့်အတူ **သက်ဆိုင်ရာစီမံခန့်ခွဲရေး ကော်မတီ** သို့ ပြန်လည်ပေးပို့ရမည်။

၇၇။ **သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ**သည် **နည်းဥပဒေ ၇၆** အရ ပေးပို့လာသည့် လုပ်ငန်း စာတွဲပါ အာမခံကြေး ပြန်လည် ထုတ်ပေးရန် သို့မဟုတ် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းရန် ချမှတ်သည့်

အမိန့်ကို လုပ်ငန်းစာတွဲနှင့်အတူတိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးသို့ ဆက်လက်ပေးပို့ရမည်။

၇၈။ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနရုံး သို့မဟုတ် နေပြည်တော်ဦးစီးဌာနရုံးသည် **နည်းဥပဒေ ၇၇** အရ ပေးပို့လာသည့် လုပ်ငန်းစာတွဲအား ခရိုင်ဦးစီးဌာနရုံးမှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ ဆက်လက်ပေးပို့ရမည်။

၇၉။ မြို့နယ်ဦးစီးဌာနရုံးသည် -

(က) နည်းဥပဒေ ၇၅ ၊ နည်းဥပဒေခွဲ (က) အရ အာမခံကြေးကို ပြန်လည်ထုတ်ပေးရန် ညွှန်ကြားချက်နှင့်အညီ သက်ဆိုင်ရာ ဘဏ်ခွဲမှ အမြန်ထုတ်ပေးနိုင်ရေးအတွက် ချက်ချင်း အကြောင်းကြား ဆောင်ရွက်ရမည်။

(ခ) **နည်းဥပဒေ ၇၅ ၊ နည်းဥပဒေခွဲ(ခ)**အရ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်း ကြောင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် မူလပေးသွင်းထားသည့်အာမခံကြေးအား ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းနိုင်ရေးလုပ်ထုံး လုပ်နည်း နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၀)

## ဥပဒေကြောင်းအရ တရားစွဲဆိုခြင်း

၈၀။ ဗဟိုကော်မတီသည် ဥပဒေပုဒ်မ ၂၇(က)၊၂၇-က၊ ၂၉ နှင့် ၂၉-က ပါ ပြစ်မှုများနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်ရန်သက်ဆိုင်ရာမြို့နယ် ဦးစီးဌာနရုံးအား တာဝန်ပေးအပ်ရမည်။

## အခန်း(၁၁)

## အထွေထွေ

၈၁။ (က) ပြည်ထောင်စုဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များသည် နိုင်ငံတော်အကျိုးငှာ အခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်း သို့မဟုတ် အထူးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များ လုပ်ပိုင် ခွင့်၊ အသုံးပြုခွင့်ကို အောက်ဖော်ပြပါအမျိုးအစားအလိုက် လျှောက်ထားနိုင်သည်-

(၁) လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုမိန့်ထုတ်ပေးပြီးဖြစ်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ

(၂) မည်သူ့ကိုမှ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုထားခြင်းမရှိသော နိုင်ငံတော်မှ စီမံ ခန့်ခွဲ ပိုင်ခွင့်ရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ

(ခ) ပြည်ထောင်စုဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များသည် နိုင်ငံတော်အကျိုးငှာ အခြေခံအဆောက်အအုံ စီမံကိန်းလုပ်ငန်း

သို့မဟုတ် အထူးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နည်းဥပဒေစာ နည်းဥပဒေခွဲ (က) နည်းဥပဒေ ခွဲငယ်(၁)အရ လျှောက်ထားခြင်းဖြစ်ပါက အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ဆောင်ရွက်မည့်စီမံကိန်းလုပ်ငန်းအတွက် အနည်းဆုံးလိုအပ်သည့် မြေဧရိယာကို စိစစ်တွက်ချက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ သက်ဆိုင်ရာကော်မတီသို့ တင်ပြခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြခွင့်ပြုချက်တောင်းခံရမည်။

(၂) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိပါက စီမံကိန်းလုပ်ငန်း အကောင်အထည် ဖော်ဆောင်ရွက်မည့် ပြည်ထောင်စုဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသ ကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် အဆိုပြုမြေဧရိယာအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူ၏ အမှန်တကယ်ရင်းနှီးမြှုပ်နှံထားရှိသည့် ကုန်ကျစရိတ်ကို ကာလတန်ဖိုး တွက်ချက်၍ ပြန်လည်ပေးလျော်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း များ စီမံခန့်ခွဲရေးဗဟိုကော်မတီထံ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့်အတူ တင်ပြရမည်။

၈၂။ ဗဟိုကော်မတီသည် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့်သက်ဆိုင်သော မြေအမျိုးအစားဖြစ်သည် သို့မဟုတ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃၁-က တွင် ဖော်ပြပါရှိသော မြေအမျိုးအစား ဖြစ်သည်ဆိုသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ခွဲခြားဆုံးဖြတ်ပေး ရမည်။

၈၃။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေကို ဗဟိုကော်မတီနှင့် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီများထံ သတ်မှတ်ချက်များနှင့် အညီ တင်ပြစေရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူအား ညွှန်ကြားနိုင် သည်။

၈၄။ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ အပြည့်အစုံကို ဗဟို ကော်မတီသို့ သုံးလလျှင် တစ်ကြိမ် အစီရင်ခံ တင်ပြရမည်။ ထို့ပြင် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်နေ့ အထိ နှစ်ချုပ် အစီရင်ခံစာကိုလည်း တင်ပြရမည်။

၈၅။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုအခြေအနေနှင့် လုပ်ငန်း ဆောင်ရွက်မှုအခြေအနေအပြည့်အစုံကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ခြောက်လလျှင်တစ်ကြိမ် အစီရင်ခံ တင်ပြရမည်။ ထို့ပြင် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် နေ့အထိ နှစ်ချုပ် အစီရင်ခံစာကိုလည်း တင်ပြရမည်။

၈၆။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ၏ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့် ထုတ်ပြန်ခဲ့သော မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေး **နည်းဥပဒေများ**ကို ဤနည်းဥပဒေများဖြင့် ပယ်ဖျက် လိုက်သည်။

**တင်ထွဋ်ဦး**
**ပြည်ထောင်စုဝန်ကြီး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

စာအမှတ် ၊ ၂/ ၀၁/ ၁၀၀၀ (က) ( ၆၅၆ /၂၀၂၁)
ရက်စွဲ ၊ ၂၀၂၁ ခုနှစ် ၊ အောက်တိုဘာလ ၁၂ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင်ထည့်သွင်းကြော်ငြာ |
| ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | ပေးပါရန် |

ဤဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံး

**အမိန့်အရ**

**( ကျော်မင်းဦး )**

**အမြဲတမ်းအတွင်းဝန်**